# ရောဂါလက္ခဏာစိစစ်ရှာဖွေမှု

ကျွန်ုပ်တို့၏ ကျောင်းသားများ၊ ဝန်ထမ်း၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်း၏ ဘေးကင်းရေး၊ ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးမှာ ထိပ်တန်းဦး စားပေးဖြစ်ပါသည်။ အစိုးရကျောင်းများသည် ကျောင်းအဆောက်အဦသို့ ဝင်လာသူတိုင်းကို COVID-19 ရောဂါလက္ခဏာ ရှာဖွေစစ်ဆေးခြင်း နှင့် အပူချိန်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် NC DHHS StrongSchoolsNC စိစစ်နည်းကို လိုအပ်ပါသည်။ အဆိုပါအကြောင်းအတွက် ကျောင်း သားနှင့် ညှော်သည်တစ်ဦးစီသည် ကျောင်းသို့ နေ့စဉ်သတင်းမပို့မီ CMS ရောဂါလက္ခဏာစိစစ်ရှာဖွေမှုဆိုင်ရာ စစ်တမ်းကို ဖြေဆိုရပါ မည်။

**အဆင့် 1**

နံနက်ခင်းတိုင်းတွင် စစ်တမ်းကို ဖြေဆိုရန် လင့်ခ်နှင့်အတူ CMS ရောဂါလက္ခဏာစိစစ်ရှာဖွေမှုဆိုင်ရာ စစ်တမ်းသည် CMS ကျောင်းသား အီးမေးလ် လိပ်စာသို့ ရောက်နေမည်ဖြစ်သည် သို့မဟုတ် သင့်ကျောင်း၏ ဝဘ်ဆိုက် စာမျက်နှာရှိ လင့်ခ်ကို ဝင်ကြည့်နိုင်သည် သို့မဟုတ် **ဤနေရာကို နှိပ်ပါ**။ စစ်တမ်းစာရွက်ကိုလည်း သင့်ကျောင်းတွင် ရနိုင်ပါမည်။

C

**အဆင့် 2**

CCMS ဘက်စ်ကား စီးရန်ဆိုပါက **ရောဂါလက္ခဏာစိစစ်ရှာဖွေမှုအတွက်** သင့်မိဘက ခွင့်ပြုကြောင်း အတည်ပြုသည့် ဖောင် (အထောက်အထားဖောင်) ကို ဖြည့်စွက်ထားကြောင်း သေချာပါစေ။ အဆိုပါဖောင်ကို ကျောင်းတက်သည့် အပတ်၊ ကျောင်းစတက်သည့်နေ့တွင် ဘက်စ်ကားမောင်းသူထံ လွှဲပြောင်းပေးအပ်ရပါမည်။ wearecms.com ရှိ ဘက်စ်ကား အချက်အလက် အကွက်ကို နှိပ်ပါ သို့မဟုတ် **ဤနေရာ ကို နှိပ်ပါ** သို့မဟုတ် စစ်တမ်းစာရွက်ကို သင့်ကျောင်းတွင် ရနိုင်ပါသည်။

**အဆင့် 3**

CMS ရောဂါလက္ခဏာ**စိစစ်ရှာဖွေမှုဆိုင်ရာ** စစ်တမ်းကို ဖြည့်စွက်ရန် အသုံးပြုလိုသည့် ဘာသာစကားကို ရွေးချယ်ပါ။

**အဆင့် 4**

ဖြစ်နိုင်ခြေရှိသည့် COVID-19 ရောဂါပိုးရှိသူနှင့် ထိတွေ့မှုနှင့် ရောဂါလက္ခဏာများနှင့် ဆက်စပ်သော စစ်တမ်း မေးခွန်းသုံးခုလုံးကို ဖြေဆိုရာတွင် တတ်နိုင်သမျှ အရိုးသားဆုံး ဖြေဆိုပါ။

**အဆင့် 5**

သင့်ဖြေဆိုမှုများအပေါ် မူတည်၍ ကျောင်းသွားနိုင်စေမည့် အစိမ်းရောင်အမှတ် သို့မဟုတ် နောက်ထပ် ညွှန်ကြားချက်များပါသည့် အနီရောင် အမှတ်ကို မြင်တွေ့ပါမည်။

ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးမှုအတွက် ကျေးဇူးတင်ပါသည်။ CMS ရောဂါလက္ခဏာစိစစ်ရှာဖွေမှု၍ဆိုင်ရာ စစ်တမ်း၏ ရည်ရွယ်ချက်မှာ လက်ရှိတွင် သင်သည် COVID-19 နှင့် ဆက်စပ်သော ရောဂါလက္ခဏာများကို ခံစားနေရပါခြင်း ရှိ၊ မရှိ သို့မဟုတ် COVID-19 ရောဂါပိုးရှိသူနှင့် လတ်တလော ထိတွေ့ထားခြင်းရှိမရှိ ဆုံးဖြတ်ရန် ဖြစ်သည်။ ဖော်ပြထားသော အချက်အလက်အားလုံးကို လျှို့ဝှက်သွားပါမည်။ သင်၏ စစ်တမ်းရလဒ်များအပေါ် မူတည်၍ ကျောင်းသွားရန် အတည်ပြုပေးပါမည် သို့မဟုတ် သင့်အား အိမ်တွင် နေခိုင်းပါမည်။ နေထိုင်မကောင်းသည့် ကျောင်းသားများသည် အိမ်မှာနေပြီး သမားတော် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးတိုင်ပင်ရမည်။ ကျောင်းတက်နေ့တွင် ရောဂါလက္ခဏာများ ခံစားနေရသည့် ကျောင်းသားများရှိပါက လာခေါ်ပေးရပါမည်။

Charlotte-Mecklenburg Schools

CharMeckSchools wearecms.com

V.10.06.20